# *Burmese Buddhist Association*

15 W110 Forest Lane, Elmhurst, IL 60126 • (630) 941-7608 • www.bba.us

## သီတင်းကျွတ် မီးထွန်းပွဲတော် ဖိတ်ကြားစာ

**ဓမ္မမိတ်ဆွေအပေါင်းတို့ –**

သီတင်းကျွတ်လသည် ထက်ကောင်းကင် ဝတိံသာ ခွင်၌ အဘိဓမ္မာဒေသနာကို ဟောကြားမိန့်ကျူး လူ့ပြည်ထူးသို့ ပြန်ကူးဆင်းကြွ မြတ်ဗုဒ္ဓကို တသ ရည်စူး ကြာပန်းဖူးနှင့် အထူးရှင်ပြ ဆီမီးလှဖြင့် ပူဇော်ကြရာ လအခါ ဖြစ်ပါသည်။ သီတင်းကျွတ် လပြည့်နေ့တွင် အဘိဓမ္မာဒေသနာကို ရွတ်ဖတ်သည့်အတွက် **အဘိဓမ္မာအခါတော်နေ့**ဟု ဆိုပါသည်။

မြန်မာဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်း (ချီကာဂို)တွင်လည်း **သီတင်းကျွတ် မီးထွန်းပွဲတော်** ကို **၂၀၀၉ ခု အောက်တိုဘာလ (၃) ရက် စနေနေ့ ညနေ**တွင် ကျင်းပမည် ဖြစ်ပါ၍ ကြွရောက် ကုသိုလ်ယူကြပါရန် ဖိတ်ကြားပါသည်။

မီးထွန်းပွဲတော်လာ ဧည့်ပရိတ်သတ်များအား **ဒေါက်တာဦးကျော်ခိုင် + ဒေါ်ခင်ဝင်းမိသားစု နှင့် ဒေါက်တာဦးရန်နိုင်လွင် + ဒေါ်ရီရီသွင် မိသားစု**တို့က ညနေ (၄း၀၀) နာရီတွင် ကြာဇံချက်ဖြင့် ဧည့်ခံ ကျွေးမွေးပါမည်။

**ဆရာတော်ဦးဥက္ကံသ**က ညနေ (၆း၀၀) နာရီတွင် တရားဟောကြားပြီးနောက် ပဋ္ဌာန်းဒေသနာကို စုပေါင်းရွတ်ဆို ပူဇော်ပြီး ဆီမီးပူဇော်ပွဲကို စတင်ပါမည်။ မြတ်စွာဘုရားအား ဖယောင်းတိုင်၊ အမွှေးတိုင်များနှင့် ပူဇော်နိုင်ရန် **မြန်မာဗုဒ္ဓဘာသာအသင်း**က စီစဉ်ထားပါမည်။

## *Thidinkyut Lighting Ceremony*

***Dear Friends & Family,***

*You are cordially invited to Thidinkyut Lighting Ceremony on* ***Saturday, October 3, 2009.***

*Vermicelli soup will be served by* ***Dr. Kyaw Khine and Daw Khin Win family*** *and* ***Dr. Yan Naing Lwin and Daw Yee Yee Thwin family*** *starting at 4:oo pm.*

***Sayadaw U Ukkamsa*** *will give dhamma talk at 6:00 pm followed by Patthana recital and the lighting ceremony. Burmese Buddhist Association will arrange candles and scent sticks to offer Buddha and commemorating the* ***Thidinkyut Abhidhamma day.***

~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~

**NOTE:** The city of Elmhurst has installed the **"NO PARKING ON THIS SIDE"** signs on the Forest Lane at the opposite side of the monastery. Please do not park on that side as the Elmhurst police will potentially issue parking tickets to the violators. Thank you for your cooperation.

~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~

☺ ***Please check our website http://www.bba.us for the most recent updates about the activities ***at BBA*** *** ☺